# amfori BSCI ကျင့်ဝတ်နှင့် လုပ်ထုံးများ

ကျွန်ုပ်တို့၏ လုပ်ငန်းများသည် amfori BSCI ကျင့်ဝတ်နှင့် လုပ်ထုံးများ အောက်တွင်ချမှတ်ထားသည့် အောက်ပါ စည်းမျဉ်းများကို လေးစားလိုက်နာရန် သဘောတူညီပါသည်။

## amfori BSCI အခြေခံသဘောတရားများ

### လွတ်လပ်စွာ ပေါင်းသင်းဆက်ဆံခြင်းနှင့် အတူတကွ ညှိနှိုင်း၊ အဖြေရှာရေးဆိုင်ရာ အခွင့်အရေးများ

ကျွန်ုပ်တို့၏ လုပ်ငန်းသည် အလုပ်သမားများ၏ သမဂ္ဂများနှင့် အခြားအလုပ်သမား အသင်းအဖွဲ့များ ဖွဲ့စည်းနိုင်သည့် အခွင့်အရေးနှင့် အတူတကွ ညှိနှိုင်း၊ အဖြေရှာခြင်းတွင် ပါဝင်နိုင်ခွင့်အား လေးစားလိုက်နာပါသည်။

### တရားမျှတသည့် လုပ်အားခ

ကျွန်ုပ်တို့၏ လုပ်ငန်းသည် အလုပ်သမားများ၏ တရားမျှတသည့် လုပ်အားခ လက်ခံရရှိရန် အခွင့်အရေးကို လေးစားလိုက်နာပါသည်။

### အလုပ်ခွင် ကျန်းမာရေးနှင့် လုံခြုံဘေးကင်းရေး

ကျွန်ုပ်တို့၏ လုပ်ငန်းသည်ကျန်းမာပြီး လုံခြုံဘေးကင်းသည့် အလုပ်ခွင်ဖြစ်စေရန် သေချာစွာ လုပ်ဆောင်ထားပြီး ဘေးအန္တရာယ် လျော့ချရန် သို့မဟုတ် ရှင်းထုတ်ရန် လိုအပ်သည့် စီမံချက် အားလုံးကို စိစစ်ဆောင်ရွက်ထားပါသည်။

### ငယ်ရွယ်သည့် လုပ်သားများအတွက် အထူး ကာကွယ်ပေးခြင်း

ကျွန်ုပ်တို့၏ လုပ်ငန်းသည် အရွယ်မရောက်သေးသည့် မည်သည့်အလုပ်သမားအတွက်မဆို အထူးကာကွယ်မှု ထားရှိပေးပါသည်။

### ဝန်ခံချုပ်ဆိုရသည့် လုပ်အားမသုံးပါ

ကျွန်ုပ်တို့၏ လုပ်ငန်းသည် မည်သည့် အဓမ္မ ကျေးကျွန်ပြုခြင်း၊ လူကုန်ကူးခြင်း သို့မဟုတ် စိတ်မပါဘဲ လုပ်ဆောင်ရသည့်အလုပ်ပုံစံမျိုးမဆို မသုံးပါ။

### ကျင့်ဝတ်နှင့်ညီသော လုပ်ငန်း ဆောင်ရွက်မှု

ကျွန်ုပ်တို့၏ လုပ်ငန်းသည် မည်သည့်အကျင့်ပျက်ချစားမှု၊ ဆက်ကြေးပေးမှု အလွဲသုံးစားပြုမှု သို့မဟုတ် လာဘ်ပေးလာဘ်ယူပြုမှုမဆိုအား လုံးဝသည်းခံမည် မဟုတ်ပါ။

### ခွဲခြားဆက်ဆံခြင်းမရှိစေရ

ကျွန်ုပ်တို့၏ လုပ်ငန်းသည် အလုပ်သမားများအား တန်းတူညီသော အခွင့်အရေးပေးထားပြီး ခွဲခြားဆက်ဆံခြင်း မပြုလုပ်ပါ။

### သင့်တင့်လျောက်ပတ်သော အလုပ်လုပ်ချိန်

ကျွန်ုပ်တို့၏ လုပ်ငန်းသည် အလုပ်လုပ်ချိန်နှင့်ပတ်သက်သော ဥပဒေများကိုလည်း သေချာစွာ လေ့လာထားပါသည်။

### ကလေးလုပ်သားများ အသုံးမပြုပါ

ကျွန်ုပ်တို့၏ လုပ်ငန်းသည် တရားဝင်သတ်မှတ်ထားသည့် အနည်းဆုံး အသက်အရွယ် အောက်ရှိ မည်သည့်လုပ်သားမဆို မငှားရမ်းပါ။

### မရေရာသည့် အလုပ် ခန့်အပ်မှုမရှိရေး

ကျွန်ုပ်တို့၏ လုပ်ငန်းသည် ဥပဒေနှင့်အညီ စာရွက်စာတမ်း အထောက်အထားများရှိသည့် အလုပ်သမားများကိုသာ ခန့်အပ်ထားရှိပါသည်။

### သဘာဝ ပတ်ဝန်းကျင် ကာကွယ်ခြင်း

ကျွန်ုပ်တို့၏ လုပ်ငန်းသည် သဘာဝပတ်ဝန်းကျင် အရည်အသွေးကျဆင်းမည့်အလုပ်ကို ရှောင်ရှားရန် လိုအပ်သည့် စီမံချက်များကို ပြုလုပ်ပါသည်။

## amfori BSCI လုပ်ကိုင်နည်း

### လုပ်ထုံးများကို လေးစားလိုက်နာခြင်း

ကျွန်ုပ်တို့၏ လုပ်ငန်းသည် amfori BSCI လုပ်ထုံးများနှင့် ဥပဒေက ချမှတ်ထားသည့် အလုပ်သမားများ၏ အခွင့်အရေး အားလုံးကို ကာကွယ်ပေးရန်တာဝန်ရှိပါသည်။

### အလုပ်သမားများ ပါဝင်ပတ်သက်မှုနှင့် ကာကွယ်မှုပေးခြင်း

ကျွန်ုပ်တို့၏ လုပ်ငန်းသည် အလုပ်သမားများအား ၎င်းတို့၏အခွင့်အရေးနှင့် တာဝန်များအကြောင်းကို အသိပေးအပ်ထားပါသည်။

### ကုန်စည်ထုတ်လုပ်၊ စီးဆင်းထောက်ပံ့စီမံခြင်းနှင့် ကြိုတင်မသိနိုင်သော သက်ရောက်မှု

ကျွန်ုပ်တို့၏ လုပ်ငန်းသည် အခြားစီးပွားရေး စပ်တူလုပ်ငန်းရှင်များအပေါ် လွှမ်းမိုးမှု ရှိစေရန် amfori BSCI စည်းမျဉ်းများကို ကျင့်သုံးပါသည်။

### နစ်နာချက် လုပ်ထုံးလုပ်နည်း

ကျွန်ုပ်တို့၏ လုပ်ငန်းသည် အလုပ်သမားများထံမှ တိုင်ကြားချက်များနှင့် အကြံပြုချက်များကိုစုစည်းရန် စနစ်တစ်ခု ပေးထားပါသည်။

www.amfori.org